# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၅၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့အခြေစိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဖွင့်လှစ်သော ယုတင်(Leadership) သင်တန်းမှ သင်တန်းသားသင်တန်းသူများနှင့် ဝန်ထမ်း ၃၅ ဦး ယနေ့အစည်းအဝေးသို့ လာရောက်လေ့လာနေကြောင်း တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၉၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

**မူကြမ်း**

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၂) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၄ ရက်၊

(၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၁ ရက်၊

(၆) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၃ ရက်၊

(၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်၊

(၈) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၂ ရက်၊

(၉) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၁၀) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၂) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၁၃) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၄) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၁၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၁၆) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၇) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၈) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၃ ရက်၊

(၁၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၂၀) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၁) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၂၂) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၂၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၂၄) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၂၅) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၂၆) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ခွင့် ၁၀ ရက်၊

**မူကြမ်း**

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၅ ရက်၊

(၂၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၅ ရက်၊

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတက်ထွန်း ခွင့် ၅ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ခွင့် ၅ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းတောက် ခွင့် ၅ ရက်၊

(၃၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၃၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၃၄) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်နှင့်

(၃၅) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှုကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်များတွင် ဘာသာရပ်ပေါင်းစုံသင်ကြားနိုင်ရေးနှင့် သင်ယူခွင့်မရှိသောဘာသာရပ်များကို တခြားဒေသရှိ နည်းပညာတက္ကသိုလ်များတွင် သွားရောက်သင်ယူခွင့်ရရှိစေရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ရန်ကုန်မြို့ရှိ ကြို့ကုန်းစက်မှုတက္ကသိုလ်ကျောင်းများတွင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသူကျောင်းသားများကို မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ ရေနံအင်ဂျင်နီယာ၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ၊ လေကြောင်းအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ ဗိသုကာပညာအင်ဂျင်နီယာ ဘာသာရပ်များကို ၁၉၉၈ ခုနှစ်အထိ သင်ကြားပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှာ ဆယ်တန်းအောင်မြင်တဲ့ကျောင်းသားကျောင်းသူများသည် ၁၉၉၈ ခုနှစ်မှစ၍ စစ်တွေနည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားခွင့်ရရှိခဲ့ကြပါတယ်။ ၎င်းကျောင်းစတင်ဖွင့်လှစ်သင်ကြားစဉ်က မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ Aqua Tech စတဲ့ ဘာသာရပ်ငါးခုကို သင်ကြားခွင့်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် Aqua Tech ပညာရပ်ကို ဖြုတ်ပြီးတော့ ကျန်ဘာသာရပ်လေးခုကို သင်ကြားပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရှိ ကျောင်းသားကျောင်းသူများဟာ ကျန်တဲ့အင်ဂျင်နီယာဘာသာရပ်နှင့် ဗိသုကာဘာသာရပ်များကို သင်ကြားခွင့်မရရှိခဲ့ကြပါ၍ ၎င်းဘာသာရပ်ဆိုင်ရာ အတတ်ပညာရှင်များ ရခိုင်ပြည်နယ်တွင်မရှိသလောက် ရှားပါးသွားကြောင်း တွေ့ရှိနေရပါတယ်။ ရခိုင်ပြည်နယ်ရှိ ကျောင်းသားများကလည်း သူတို့ဝါသနာပါသော ဘာသာရပ်များကို သင်ကြားလိုသောဆန္ဒများရှိနေကြောင်း တင်ပြလာကြပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်း

အပ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်များတွင် ဘာသာရပ်ပေါင်းစုံသင်ကြားပေး နိုင်ရေးအတွက် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိ၊ ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်များတွင် သင်ယူ ခွင့်မရှိတဲ့ ဘာသာရပ်များကို တခြားဒေသရှိ နည်းပညာတက္ကသိုလ်များတွင် သွားရောက်ပညာ သင်ယူခွင့်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဘရှေ(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလာပါတယ်။ အဆိုပါမေးခွန်း နှင့်ပတ်သက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကိုယ်စား ကျွန်တော်က ပြန်လည်ရှင်းလင်းတင်ပြသွား မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် နည်းပညာတက္ကသိုလ်ပေါင်း ၂၉ ခုကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ရခိုင်ပြည်နယ်မှ နည်းပညာတက္ကသိုလ်(စစ်တွေ)ဟာလည်းပဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ နည်းပညာ တက္ကသိုလ်များမှာ အဓိကဘာသာရပ်ကြီးများဖြစ်တဲ့ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ စသော သင်တန်းလေးခုကို ဖွင့်လှစ် သင်ကြားလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အဆိုပါအဓိကဘာသာလေးခုကို သင်ကြားပေးတဲ့ နည်းပညာတက္ကသိုလ် စုစုပေါင်း ၁၆ ခု ရှိပါတယ်။

အဆိုပါ လေးဘာသာမှအပ ကျန်အင်ဂျင်နီယာဘာသာရပ်များ သင်ကြားလိုပါက ထိုဘာသာ ရပ်များ သင်ကြားသည့် နည်းပညာတက္ကသိုလ်များသို့ ကျောင်းသားများက ၎င်းတို့ရရှိသည့် တက္ကသိုလ်ဝင်တန်းရမှတ်များအပေါ် မူတည်၍ လျှောက်ထားသင်ကြားခွင့်ရှိပါကြောင်း လေးစား စွာတင်ပြအပ်ပါတယ်။ စစ်တွေနည်းပညာတက္ကသိုလ် အပါအဝင် အဓိကဘာသာရပ်လေးခု သင်ကြား

လျက်ရှိတဲ့ အခြားနည်းပညာတက္ကသိုလ်များမှာ ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် ကျောင်းအလိုက်တက်ရောက်နိုင်မည့် ကျောင်းသားအင်အား၊ ဒေသ၏လိုအပ်ချက်၊ ဒေသ၏စီးပွားရေး စီမံကိန်းနှင့်အညီ စိစစ်တွက်ချက်၍ ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တက္ကသိုလ်အလိုက် စီစဉ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်းသို့ ကြံ့ခိုင်ပြီး ပြုပြင်ထိန်းသိမ်းရန် လွယ်ကူသောအရန် မီးစက်တစ်လုံးဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးနှင့်အားလုံး မင်္ဂလာပါအပေါင်းနှင့်ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ၂၀၁၂ ခုနှစ်ရောက် မှ အသက်ရှုချောင်လာတဲ့မြို့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လက်လုပ်လက်စားတွေ အများဆုံးနေထိုင်တဲ့ မြို့၊ ဖုန်းခေါ်လိုက်ရင် အိမ်မှာအထိုင်ထားတဲ့ဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပရောက်နေတယ်လို့ အကြိမ်ကြိမ်ပြန်ကြားခံနေရတဲ့မြို့၊ ၂၀၁၄ ခုနှစ်ရောက်မှ တစ်ညကို လေးနာရီလျှပ်စစ်မီးရတဲ့မြို့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်မှာ ခုနစ်မြို့နယ်ရှိတဲ့အနက် ဖာပွန်ကလွဲပြီး ကျန်ခြောက် မြို့နယ်စလုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ဖို့ လျာထား ဆောင်ရွက်လျက်ရှိနေကြောင်း သိရှိထားရပါတယ်။ ဒေသတော်တော်များများမှာ ကျေးရွာအဆင့်အထိ ၂၄ နာရီမီးလင်းနေကြပြီး ၂၄ နာရီမီးလင်းရေး ကြိုးပမ်းဆောင်ရွက်နေကြတဲ့အချိန်မှာ အထူးရခိုင်မြို့ တစ်မြို့ဖြစ်တဲ့ ကျွန်တော်တို့ ဖာပွန်မြို့မှာတော့ တစ်ညလေးနာရီမီးပေးတဲ့ ဒီဇယ်အင်ဂျင်မီးစက်ကြီးဟာ မကြာခဏဆိုသလို ပျက်ပျက်နေလို့ အရန်မီးစက် တစ်လုံးထားရှိပေးနိုင်ရေး မြို့လူထုရဲ့ဆန္ဒနဲ့အညီ ကျွန်တော်က မေးခွန်းတင်သွင်းမေးမြန်းခဲ့ရခြင်း ဖြစ်ပါတယ်။ သို့ပါသော်လည်း မနေ့က တနင်္ဂနွေနေ့ ညနေပိုင်းမှာ ကျွန်တော်တို့မြို့ကို ၄၀၀ ကေဗွီအေ ပါကင်အမျိုးအစား အင်ဂျင်စက်အသစ်တစ်လုံး ထပ်မံရောက်ရှိသွားပြီဖြစ်လို့ အဲဒီသတင်းကိုရရှိတဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို မြို့လူထု ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ကျွန်တော်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရန် မလိုအပ်

တော့ပါကြောင်း၊ ပြန်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အင်မတန်ဝမ်းသာစရာကောင်းတဲ့ မင်္ဂလာသတင်းလေးကြားရတာ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သိန္နီမြို့နယ်၊ ဥယျာဉ်မှူး၊ ပိန်းဆာ၊ နားဆော့၊ မိုင်းလီနှင့် ခမ်းတိန်းကျေးရွာအုပ်စုများမှ ပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီကူးပြောင်းရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချမှတ်ပြီး နယ်ပယ်အသီးသီးမှ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးဘဝ အဆောက်အအုံတစ်ခုလုံး ဟန်ချက်ညီညီတိုးတက်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဆင်းရဲမှုလျှော့ပါးပပျောက်ရေးအထောက်အကူဖြစ်စေရန်အတွက် လျှပ်စစ်မီးလင်းနိုင်ရေးသည် အဓိကကျလှပါတယ်။ သိန္နီမြို့အတွင်း ကောင်းအောင်ကျေးရွာအုပ်စုနှင့် တပ်မတပ်ရင်းအားလုံးတို့သည် လျှပ်စစ်မီးများရရှိပြီး ပြည်သူများ အဆင်ပြေနေပါတယ်။ ထိုကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသော ဥယျာဉ်မှူးကျေးရွာအုပ်စု၊ ပိန်းဆာကျေးရွာအုပ်စု၊ နားဆော့ကျေးရွာအုပ်စု၊ မိုင်းလီကျေးရွာအုပ်စုနှင့် ခမ်းတိန်းကျေးရွာအုပ်စုမှ ပြည်သူများသည်လည်း လျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာသို့ တင်ပြပေးပါရန် တောင်းဆိုလာပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါမေးခွန်းကို ပြည်သူများ၏ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (၁) သိန္နီမြို့နယ်၊ ဥယျာဉ်မှူးကျေးရွာအုပ်စု၊ ပိန်းဆာကျေးရွာအုပ်စု၊ နားဆော့ကျေးရွာအုပ်စု၊ မိုင်းလီကျေးရွာအုပ်စုနှင့် ခမ်းတိန်းကျေးရွာအုပ်စုတို့မှ ပြည်သူများအတွက် လျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသနည်း။ မည်ကဲ့သို့

ဆောင်ရွက်ပေးရမည် သိရှိလိုပါတယ်။ (၂) အဆိုပါကျေးရွာအုပ်စုအတွင်း နေထိုင်ကြသော ပြည်သူများ အတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ (၃) အစီအစဉ်မရှိပါက ဘယ်အတွက်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျေးရွာအုပ်စု တွေနာမည်တွေ များပြီးတော့ ကျေးရွာနာမည်တွေများတဲ့အတွက်ကြောင့်မို့လို့ ဖြည်းဖြည်းပဲ ကျွန်တော် ဖတ်ကြားပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ သိန္နီမြို့နယ်၊ ဥယျာဉ်မှူးကျေးရွာအုပ်စုတွင် ဥယျာဉ်မှူး ကျေးရွာ၊ နမ့်စန်စုတ်ကျေးရွာ၊ မန်နောင်ကျေးရွာ၊ မန်စတ်ကျေးရွာနှင့် ကွန်ခန်ကျေးရွာဆိုပြီးတော့ ငါး ရွာရှိပါတယ်။ အဲဒီ ငါးရွာထဲကနေပြီးတော့ ဥယျာဉ်မှူးကျေးရွာနဲ့ နမ့်စန်စုတ်ကျေးရွာ နှစ်ရွာကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ရန်ပုံငွေဖော်ပြပါရှိပြီးဖြစ်ပါတယ်။ မန်နောင်ကျေးရွာ၊ မန်စတ်ကျေးရွာ၊ ကွန်ခန်ကျေးရွာ သုံးရွာကိုတော့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(National Electrification Plan) နှစ်မိုင်အထက်ရှိတဲ့ ရွာတွေအဖြစ်နဲ့ ကျွန်တော်တို့စာရင်းသွင်းပြီးတော့၊ ထည့်သွင်းဖော်ပြထားပြီးတော့ စီစဉ်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ပိန်းဆာကျေးရွာအုပ်စုဖြစ်ပါတယ်။ ပိန်းဆာကျေးရွာအုပ်စုမှာ ကျေးရွာခြောက်ရွာရှိပြီးတော့ ပိန်းဆာကျေးရွာ၊ နောင်ဆိုင်ကျေးရွာနှင့် ပန်စုံ ကျေးရွာ သုံးရွာဟာ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ၂၀၁၄-၂၀၁၅ နောက်ဆုံးလမှာ ကျွန်တော်တို့ ရန်ပုံငွေထည့်သွင်းပြီး ပြုပြင်လျာထားပြီးတော့ ဆောင်ရွက်ပေးခဲ့တာ အခု လုပ်ငန်းလက်စသတ်တော့ မယ့်အနေအထားကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အဲဒီတော့ ရွာသုံးရွာ နောက်ထပ်နှစ်ပတ်အတွင်းမှာ

ကျွန်တော်တို့ ဓာတ်အားလိုင်းအားလုံး ပြီးစီးသွားမယ်လို့ မနေ့ကပဲ အားလုံးအဆက်အသွယ်ရရှိပြီး ဖြစ်ပါတယ်။

ကျန်တဲ့ကျေးရွာတွေကိုတော့ စောစောကတင်ပြခဲ့တဲ့အတိုင်းပဲ နောက်ထပ်သုံးရွာကိုတော့ National Electrification Plan ကနေပြီးတော့ပဲ ကျွန်တော်တို့စီမံချက်နဲ့ပဲ ဆက်လက်ပြီးတော့ စာရင်းသွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နားဆော့ကျေးရွာအုပ်စုမှာ နားဆော့ကျေးရွာရယ်၊ ကောင်းဆာကျေးရွာရယ်၊ နားထွန်ကျေးရွာရယ်၊ စံလောင်းကျေးရွာရယ်၊ မိုင်းပန်ကျေးရွာရယ်၊ နားချက်ကျေးရွာနှင့် နမ့်အွန်ကျေးရွာဆိုပြီးတော့ ကျေးရွာခုနစ်ရွာ ရှိပါတယ်။ အဲဒီကျေးရွာတွေ ဓာတ်အားရရှိဖို့အတွက် အားလုံးကိုတော့ ကျွန်တော်တို့ စောစောကတင်ပြခဲ့တဲ့ National Electrification Plan ထဲမှာပဲ ဦးစားပေးအစီအစဉ်နဲ့ ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုမှာ ကျေးရွာခုနစ်ရွာရှိပြီးတော့ အဆိုပါကျေးရွာများကိုတော့ အမျိုးသားဓာတ်အားရရှိရေးစီမံချက်ကနေပြီးတော့ပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခမ်းတိန်းကျေးရွာအုပ်စုဖြစ်ပါတယ်။ ခမ်းတိန်းကျေးရွာအုပ်စုမှာ ရွာကိုးရွာရှိပါတယ်။ ခမ်းတိန်းကျေးရွာ၊ နောင်ကားကျေးရွာ၊ မန်စောက်ကျေးရွာနှင့် ဟိုနားကျေးရွာ လေးရွာကိုတော့ ဒီနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးမှာဖြစ်ပြီးတော့ ကျန်တဲ့ငါးရွာကိုတော့ National Electrification Plan မှာ ဦးစားပေး အစီအစဉ် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ကျေးရွာတွေမီးလင်းဖို့ကိစ္စတွေမှာ ၁၁ ကေဗွီဓာတ်အားလိုင်းရဲ့အောက် ၄၀၀ ဗို့လိုင်းအပါအဝင်အားလုံးကို ပြည်နယ်/တိုင်းဒေသကြီးရန်ပုံငွေများမှာ အသီးသီးထည့်သွင်း လျာထားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ဘဏ်အကူအညီနဲ့ ရေးဆွဲထားတဲ့ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက် ကိုလည်း ၂၀၁၅-၂၀၁၆ ကနေပြီးတော့ပဲ စတင်ပြီးတော့ ၂၀၃၀-၂၀၃၁ မှာ တစ်နိုင်ငံလုံးဓာတ်အား ရရှိရေးအဖြစ်နဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ကိုယ်စားလှယ် တော်ကြီးတောင်းခံထား သောကျေးရွာများအနက် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ မှာ အချို့သောကျေးရွာများ ထပ်မံပြီးတော့ မီးရရှိသွားမှာဖြစ်ပြီးတော့ ကျန်ရှိတဲ့ကျေးရွာတွေကိုတော့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံ

ချက်အစီအစဉ်ထဲမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြရင်းနဲ့နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း သားဖွားဆရာမသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်သင်ကြားပေးရန်နှင့် ယခင်က ဖွင့်လှစ်သင်ကြားပေးခဲ့ဖူးသည့် အရန်သားဖွားဆရာမသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါရှင့်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်တွင် သားဖွားဆရာမ သင်တန်းကျောင်းဆောင်တစ်ဆောင် ဖွင့်လှစ်သင်ကြားပေးရန်နှင့် ယခင်က ဖွင့်လှစ်သင်ကြားပေးခဲ့ဖူးသည့် အရန်သားဖွားဆရာမသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ယင်းသို့ မေးမြန်းရခြင်းအကြောင်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်သည် ပင်လယ်ရေလမ်းခရီးဖြင့်သာ သွားလာနိုင်သည့်ကျွန်းများပေါ်တွင်တည်ရှိနေသည့် ကျေးရွာအများစုဖြစ်ပြီး ကျေးရွာအုပ်စုပေါင်း ၂၄ အုပ်စုတွင် လူဦးရေ ၁၄၀၀၀၀ ကျော်ခန့်ရှိပါသည်။ ကျေးရွာအများစုသည် ရာသီဥတုဆိုးရွားချိန်တွင် ခရီးသွားလာရန် လှိုင်းလေဒဏ်ကြောင့် လွန်စွာခက်ခဲသည့်အပြင် ကျေးရွာနေပြည်သူအများစုသည် ဆင်းရဲနွမ်းပါးသူ လက်လုပ်လက်စား၊ ရေလုပ်ငန်းအလုပ်သမားများသာဖြစ်ပါသည်။ ကျန်းမာရေးချို့တဲ့သည့်အပြင် ငွေရေး၊ ကြေးရေးချို့တဲ့ပြီး ကျန်းမာရေးအသိပညာနည်းပါးလှသည်ဖြစ်၍ ကလေးမွေးဖွားသည့် အချိန်တွင် အရပ်လက်သည်ဖြင့်သာ ဖြစ်သလိုမွေးဖွားခဲ့ခြင်း၊ ကိုယ်ဝန်ပျက်သည့်အချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အသိနားမလည်ခဲ့ခြင်းတို့ကြောင့် ဖွားသေနှုန်းမှာ မြင့်မားခဲ့ကြပါသည်။ သို့ပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ တောင်းဆိုချက်အရ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်ရှင့်။ ကျွန်းစုမြို့နယ်အတွင်း ယခင်က ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အရန်သားဖွားသင်တန်းများကို ပြန်လည်ဖွင့်လှစ်၍ သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကျွန်းစုမြို့ပေါ်တွင် သားဖွားဆရာမသင်တန်းကျောင်းဆောင်ဖွင့်လှစ်၍ သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိကို လည်းကောင်း၊ မရှိဟုဆိုပါကလည်း အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်မ ပထမဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့်မေးခွန်းကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး၊ ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်ရှင်။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်းစုမြို့နယ်တွင် ၂၀၁၄ ခုနှစ်အတွင်း GAVI နှင့်တိုင်းဒေသကြီးအစိုးရအထောက်အပံ့ဖြင့် အရန်သားဖွားသင်တန်းပို့ချပေးခဲ့ရာ သင်တန်းစုစုပေါင်း ၃၀ ဦးကို ၁-၁၀-၂၀၁၄ ရက်နေ့မှစ၍ ခြောက်လကြာ သင်တန်းပို့ချပေးခဲ့ပါတယ်။ ထို့အပြင် မြို့နယ်လိုအပ်ချက်အပေါ် မူတည်၍ အရန်သားဖွားဆရာမအသစ်များ ထပ်မံလေ့ကျင့်မွေးထုတ်မည့် အစီအစဉ်ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် သားဖွားသင်တန်းကျောင်းတစ်ကျောင်းနှင့် ထားဝယ်မြို့တွင်သူနာပြုသင်တန်းကျောင်း တစ်ကျောင်းကို ဖွင့်လှစ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်တွင် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ ၂၅ ခုတင်ဆံ့ဆေးရုံတွင် ဆရာဝန်တစ်ဦး၊ အရေးကြီးဝန်ထမ်းများနှင့် ကျေးလက်ဆေးပေးခန်း အဆောက်အဦ(၁)လုံး ခွင့်ပြုဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့သည် ရပ်ကွက်ခုနစ်

ရပ်ကွက်၊ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၁၀ ရွာနဲ့ လူဦးရေ ၈၅၇၉ ဦးရှိပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ၂၅ ခုတင်ဆံ့ဆေးရုံရှိပြီး ခွင့်ပြုအင်အား ၄၂ ဦးအနက် ၁၇ ဦးခန့်ထားပြီး လစ်လပ်ဝန်ထမ်း ၂၅ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ ကျေးလက်ကျန်းမာရေးဌာန ခွင့်ပြုအင်အား ၁၂ ဦးအနက် ငါးဦးခန့်ထားပြီးဖြစ်သော်လည်း ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ မရှိသေးကြောင်း တွေ့ရှိရပါတယ်။ မိုးနဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ၂-၃-၂၀၁၅ ရက်နေ့ ကျိုင်းတောင်းသို့ ရောက်ခဲ့စဉ်က ကျိုင်းတောင်းမြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိတဲ့ ဆရာဝန်နဲ့ အရေးကြီးဝန်ထမ်းများကို ခန့်ထားပေးနိုင်မည့်အခြေအနေနှင့် ကျိုင်းတောင်းမြို့၊ ကျေးရွာအုပ်စုများတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ ဆောက်လုပ်ပေးနိုင်မည့် အခြေအနေနှင့်အစီအစဉ်များကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်၊ မိုးနဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်မြင့်၏မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ ၂၅ ခုတင်ဆံ့ ဆေးရုံတွင် ဆရာဝန်တစ်ဦး၊ အရေးကြီးဝန်ထမ်းများနှင့် ကျေးလက်ဆေးပေးခန်း အဆောက်အဦ တစ်လုံး ခွင့်ပြုဆောက်လုပ်ပေးပါရန် မေးမြန်းလာခြင်းနှင့်ပတ်သက်၍ ၂၅ ခုတင်ဆံ့ကျိုင်းတောင်း ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်တစ်ဦးနေရာအတွက် တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦး ဒေါက်တာစည်သူဖေမြင့် (ဆမ-၂၅၆၇၈)အား ၁-၄-၂၀၁၅ ရက်စွဲပါ အမိန့်စာဖြင့် ပြောင်းရွှေ့တာဝန်ချထားပေးပြီးဖြစ်ပါတယ်။ ကျိုင်းတောင်းဆေးရုံတွင် သူနာပြု ခွင့်ပြု ခြောက်ဦး၊ ခန့်ထား လေးဦး၊ လစ်လပ် နှစ်ဦးရှိရာ လစ်လပ်လျက်ရှိသော သူနာပြုနှစ်ဦး နေရာတွင် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးမှ ၂၇-၂-၂၀၁၅ ရက်စွဲပါအမိန့်စာဖြင့် သစ်လွင် သူနာပြုတစ်ဦးအား ခန့်ထားပေးခဲ့ပြီး ကျန်လစ်လပ်တစ်ဦးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။

**မူကြမ်း**

ကျိုင်းတောင်းမြို့ ၂၅ ခုတင်ဆံ့ဆေးရုံအတွက် (၅၇)ကြိမ်မြောက် ခေတ်ခွဲစစ်ဆေးသူ ဒုတိယတန်းခေတ်ခွဲကျွမ်းကျင် (၄)သင်တန်းဆင်းများမှ မလဲ့လဲ့ထွန်းအား ပြည်သူ့ကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာန၏ ၁၁-၃-၂၀၁၅ ရက်စွဲပါအမိန့်စာဖြင့် ခန့်ထားခဲ့ပြီးဖြစ်ပါတယ်။ (၄၆)ကြိမ်မြောက်ခေတ်ခွဲစစ်ဆေးသူ ပထမတန်း ခေတ်ခွဲကျွမ်းကျင်(၃)များအား ၂၀၁၅ ခုနှစ်တွင် သင်တန်းဆင်းသည့်အချိန်တွင်ထပ်မံဦးစားပေးခန့်ထားပေးမှာဖြစ်ပါတယ်။ ကုသရေးဦးစီးဌာနရဲ့ ၂၈-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်စာဖြင့် နေ့စားဝန်ထမ်းကိုးဦးခန့်ထားပေးခဲ့ပြီးဖြစ်ရာ ဆက်လက်၍ လက်ရှိဖွဲ့စည်းပုံအရ လစ်လပ်ရှိသော အငယ်တန်းဝန်ထမ်းရာထူး ခုနစ်ဦးနေရာအတွက် ခွင့်ပြုခန့်ထား လစ်လပ်စာရင်းဖြင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးမှတစ်ဆင့် တင်ပြလာပါက အမြန်ဆုံးခန့်ထားပေးရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ လစ်လပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲများမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းအဆောက်အဦတစ်လုံး ခွင့်ပြုဆောင်ရွက်ပေးနိုင်ပါရန်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပါဝင်ခြင်းမရှိသည့်အတွက် လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက်ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ရေစကြိုမြို့နယ်ရှိ ကျေးလက်ဒေသတို့တွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းအပြောင်းအရွှေ့များအတွက် လစ်လပ်နေရာကို အစားထိုးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးကို လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရေစကြိုမြို့နယ်မှာ တိုက်နယ်ဆေးရုံလေးရုံနှင့် ဆေးပေးခန်းဌာနတွေရှိပါတယ်။ အဲဒီဌာနတွေ၊ တိုက်နယ်ဆေးရုံတွေမှာ ဆရာဝန်အပြောင်းအလဲဖြစ်တဲ့အခါမှာလည်းကောင်း၊ ဆေးပေးခန်းဌာနတွေမှာ ဆရာမအပြောင်းအလဲဖြစ်တဲ့အခါမှာလည်းကောင်း အစား

ထိုးခန့်ထားမှုတွေမှာ များစွာနောက်ကျနေတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ကြက်ဆူကျင်း တိုက်နယ်ဆေးရုံမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်းကနေပြီးတော့ တာဝန်အပြောင်းအရွှေ့ကျသွားပြီးတဲ့ နောက်မှာ ၂၀၁၄ ခုနှစ်တစ်နှစ်လုံး ဆရာဝန်မရောက်ရှိလာပါဘူး။ ဒေသခံများကလည်း သူတို့ရဲ့ ကျန်းမာရေးအခက်အခဲကြောင့် ကြိမ်ဖန်များစွာ လာရောက်အကူအညီတောင်းတဲ့အတွက်ကြောင့် မြို့နယ်ဆရာဝန်ကြီးနဲ့ ညှိနှိုင်းဆောင်ရွက်သော်လည်းပဲ ယနေ့ထိခန့်ထားပေးတာ မရှိသေးပါဘူး ခင်ဗျား။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကျွန်တော်တို့ ရေစကြိုမြို့နယ်ရှိ ကျေးလက်ဒေသတို့တွင် တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဝန်၊ ဆရာမများတို့ တာဝန်အပြောင်းအရွှေ့ပြုပြီး ထိုလစ်လပ်နေရာအသီးသီးတွင် တာဝန်ကျသူတို့မရနိုင်ဘဲ ကာလ ကြာမြင့်စွာကြုံတွေ့နေကြရသည်မှာ အဘယ်ကြောင့်ဖြစ်ပါသလဲ။ ကျန်းမာရေးဝန်ထမ်း အပြောင်း အရွှေ့များအတွက် မြန်ဆန်စွာခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုပါ၍ လေးစားစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံ၊ တိုက်နယ် ဆေးရုံများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့တွင် ဆရာဝန်များ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့အထိ တာဝန်ထမ်းဆောင်နေမှု အခြေအနေအရ ရေစကြိုမြို့နယ် ပြည်သူ့ ဆေးရုံမှာ ဆေးရုံအုပ်ခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦး၊ အထူးကုဆရာဝန် ခွင့်ပြုခုနစ်ဦး၊ လစ်လပ်ခုနစ်ဦး၊ လက်ထောက်ဆရာဝန် ခွင့်ပြု ၁၈ ဦး၊ ခန့်ထားခုနစ်ဦး၊ လစ်လပ် ၁၁ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်ခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦး၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ခွင့်ပြုတစ်ဦး၊ ခန့်ထား တစ်ဦး၊ မြေတော်တိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန် ခွင့်ပြုနှစ်ဦး၊ ခန့်ထားတစ်ဦး၊ မအူတိုက်နယ်ဆေးရုံမှာ တိုက်နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန် ခွင့်ပြုနှစ်ဦး၊ ခန့်ထားတစ်ဦး၊ လစ်လပ်တစ်ဦး၊ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံမှာ တိုက်နယ်ဆရာဝန်၊ လက်ထောက်

ဆရာဝန် ခွင့်ပြုနှစ်ဦး၊ လစ်လပ်နှစ်ဦး၊ ပခန်းကြီးတိုက်နယ်ဆေးရုံမှာ ခွင့်ပြုနှစ်ဦး၊ ခန့်ထားတစ်ဦးနှင့် သူငွေးကုန်းတိုက်နယ်ဆေးရုံမှာ ခွင့်ပြုနှစ်ဦး၊ ခန့်ထားတစ်ဦးဖြစ်ပါတယ်။

ကျန်းမာရေးဝန်ထမ်းများ အပြောင်းအရွှေ့များအတွက် လျင်မြန်စွာခန့်ထားပေးနိုင်ရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာမှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရွေးချယ်ခဲ့ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် သင်တန်းတက်ရောက်လျက်ရှိသော သစ်လွင်လက်ထောက်ဆရာဝန် ၁၇၁ ဦးအား ၂၀၁၅ ခုနှစ် မတ်လအတွင်း ခန့်ထားမည့်အချိန်တွင် လုပ်သက်ရဒေသခံဆရာဝန်များမှ လစ်လပ်လျက်ရှိသော ရေစကြိုပြည်သူ့ဆေးရုံရှိ လစ်လပ်နေရာများနှင့် ကြက်ဆူကျင်းတိုက်နယ်ဆရာဝန်နေရာများအား ခန့်ထားပေးပြီးဖြစ်ပါတယ်။ ၁-၁-၂၀၁၅ ခုနှစ်မှစ၍ စတင်လစ်လပ်သော ကြက်ဆူကျင်းတိုက်နယ်ဆရာဝန်နေရာတွင် ပခုက္ကူပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာလင်းထင်(ဆမ-၂၈၀၉၇)အား ယာယီအစီအစဉ်ဖြင့် တွဲဘက်တာဝန်ချထားပြီးဖြစ်ပါကြောင်း ဖြစ်ပါတယ်။

အဆိုပါလစ်လပ်နေရာများမှာ ပြန်လည်ခန့်ထားဖို့အတွက် အချိန်ကာလကြာရှိရခြင်းမှာ တာဝန်ချထားတဲ့ဆရာဝန်တစ်ဦး၊ ၎င်းတို့ရဲ့ ပြည်သူ့ဆေးရုံ သို့မဟုတ် တိုက်နယ်ဆေးရုံများသို့ တာဝန်သွားရောက်မထမ်းဆောင်လျှင် လူအားဖြင့် ထိုနေရာမှာမရှိသော်လည်း သူ့ကိုတာဝန်ချထားတဲ့နေရာမှာတော့ ရှိပြီးသားဖြစ်တဲ့အတွက် အဆိုပါနေရာကို လစ်လပ်စာရင်းပြန်ပေါ်အောင်လို့ ကျွန်မတို့ အဆင့်ဆင့်ပြန်လည်ပြီးတော့ အမှုစစ်ဆေးခြင်း၊ နေရာမှထုတ်ပယ်ခြင်း အစရှိသည်များ ဆောင်ရွက်ပြီးတော့မှ ပြန်ပြီးတော့ နေရာလစ်လပ်ပေါ်တော့မှ ကျွန်မတို့ နောက်တစ်ယောက်ကို ခန့်ထားရပါတယ်။ အဆိုပါ အစီအစဉ်များကိုလည်း အရင်တုန်းကထက် အချိန်ကာလပိုပြီး ဆောလျင်စွာပြီးစီးနိုင်ဖို့အတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အထူးအစီအစဉ်များ ချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**မူကြမ်း**

**ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံကို မည်သည့်အချိန်၌ အကောင်အထည်ဖော်တည်ဆောက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုကျွန်မကတော့ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ရွှေတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ဖြစ်ပါတယ်။ ကျွန်မ မေးလိုတဲ့မေးခွန်းက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၌ တိုင်းရင်းဆေးရုံစတင်တည်ဆောက်မည့်နေ့ရက်နှင့် အချိန်ကာလကို သိရှိလိုပါ၍ မေးမြန်းခြင်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၌ ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောက်ရှောက်ကုသမှုပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံတစ်ရုံတည်ဆောက်ဖို့ ငွေလုံးငွေရင်းစရိတ်လျာထားချက်များ ထွက်ရှိပြီးဖြစ်ပါတယ်။ ထိုတိုင်းရင်းဆေးရုံတည်ဆောက်ရန်အတွက် လိုအပ်သော မြေ ၁.၉၆ ဧကနှင့် မြေစာရင်းပုံစံ(၁၀၅)ကို မြို့နယ် ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့မှ လှူဒါန်းပေးထားပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မေးခွန်း(၁)ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို တည်ဆောက်ရန်အတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိသည်။ မေးခွန်း(၂) မည်သည့်အချိန်၌ အစောဆုံး အကောင်အထည်ဖော်တည်ဆောက်မည်တို့ကို သိရှိလိုပါကြောင်း လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ရှင့်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်၏မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းရင်းဆေးပညာဦးစီးဌာနသည် ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုမြင့်တင်စောက်ရှောက်မှုပေးနိုင်ရန်အတွက် တိုင်းရင်း

ဆေးရုံ၊ တိုင်းရင်းဆေးကုဌာနများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒေသအလိုက် ဆေးရုံ၊ ဆေးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရာမှာ မြေနေရာရရှိမှုအခြေအနေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ လက်ခုပ်တန်းကျေးရွာမှ ဒေါ်စန်းမြမှ ၁၉-၁၂-၂၀၁၄ ရက်နေ့တွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဆောက်လုပ်ရန် လှူဒါန်းသော ရွှေတောင်မြို့နယ်၊ မင်းကွန်းကျေးရွာအုပ်စု၊ ရွှေနတ်တောင်ဘုရားလမ်းရှိ ဦးပိုင်အမှတ် (၁၁/၁-၁၂/၁)၊ လယ်မြေ ၁.၉၆ ဧကကို အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းရင်းဆေးရုံတည်ဆောက်ပေးရေးအတွက် ဦးစားပေးအစီအစဉ်အရ ထည့်သွင်းတွက်ချက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင့်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်ရှင်းပြချက်ကို ပြောခွင့်ပြုပါရှင်။ ကတိကဝတ်ရထားပြီး အကောင်အထည်မဖော်သေးတဲ့ကိစ္စတွေရှိနေတဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရောက်မှ ဆောင်ရွက်မှာဖြစ်တဲ့ ဒီတိုင်းရင်းဆေးရုံတည်ဆောက်ရေးကို ဆိုခဲ့စေမြဲစေ၊ နှုတ်စကားရော၊ လက်တွေ့အလုပ်ပါ ခိုင်မြဲစေလိုပါသောကြောင့် မေးခွန်းမေးရခြင်း ဖြစ်ပါတယ်။ ယခုလို ကျန်းမာရေးဒုတိယဝန်ကြီးမှ သေချာတိကျစွာ ပြောကြားဖြေကြားပေးသည်ကို ကြားသိရတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်က ဦးစိုင်းသန်းနိုင်ကဲ့သို့ပါပဲ။ ကျေနပ်တဲ့စကားလေးနဲ့ ကြားရတော့ ဒါက အင်မတန်ပီတိဖြစ်စရာကောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘွိုင်လာဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ဘွိုင်လာဥပဒေကြမ်းကို ၂၅-၅-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃-၆-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ပေးရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ဖြစ်သော ၂၁-၅-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၅-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်

**မူကြမ်း**

သည့်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၅) ရက်မြောက်နေ့ကို ၁၀း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]